# လွှတ်တော်များ

## ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုတွင် အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများ

### ဤအကြောင်းအရာစဉ်၏အကြောင်း

ဤလုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး နောက်ခံသမိုင်းအကျဉ်းချုပ်သည် ကောင်းမွန်သောလုံခြုံရေးကဏ္ဍ အားအုပ်ချုပ်မှုနှင့် လုံခြုံရေးကဏ္ဍအားပြုပြင်ပြောင်းလဲရေးရှိ အကြောင်းအရာများနှင့် ခေါင်းစဉ်များကို ကျစ်လစ် ပြည့်စုံသော ပဏာမမိတ်ဆက်မှုများ ပေးရန်ဖြစ်သည်။ အကြောင်းအရာစဉ်သည် လက်ရှိ အခြေအတင် ဆွေးနွေးမှုများကို အကျဉ်းချုပ်ကာ အဓိကကျသော ဝေါဟာရများကို ရှင်းလင်းပြပြီး များပြားစုံလင်လှသော နိုင်ငံတကာဆိုင်ရာ အတွေ့အကြုံများကို အခြေခံ၍ အဓိကကျသော တင်းမာမှုများကို ဖော်ထုတ်ပေးပါသည်။ လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး နောက်ခံသမိုင်းအကျဉ်းချုပ်သည် ကောင်းမွန်သောအုပ်ချုပ်မှု (သို့) ပြုပြင်ပြောင်းလဲရေးအတွက် သတ်သတ်မှတ်မှတ်ဖြစ်သော နမူနာပုံစံများ (သို့) မူဝါဒများ (သို့) စီမံချက်များကို ထောက်ခံမြှင့်တင်မှုမလုပ်ပဲ စာဖတ်သူများကို အကြောင်းအရာတစ်ခုစီ အပေါ်တွင်ရှိသော ၎င်းတို့၏ အသိ အမြင်ကြွယ်ဝမှုကို ချဲ့ထွင်ခွင့်ရရန် အရင်းအမြစ်များကို အမှန်တစ်ကယ်ပင် အကျိုးပြုထောက်ပံ့ပေးရန် ဖြစ်သည်။ လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး နောက်ခံသမိုင်းအကျဉ်းချုပ်များသည် သက်ဆိုင်သူများ နားလည်သဘောပေါက်ရန် ကြိုးပမ်းနေသော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုနှင့် ပြုပြင်ပြောင်းလဲရေးအတွက် အရင်းအမြစ်များကို ပေးရုံသာမက ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုနှင့် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေးဆီသို့ရောက်ရှိရန် လုပ်ဆောင်နေသော လက်ရှိလုပ်နည်းကိုင်နည်းများကိုပါ ဆန်းစစ်ဝေဖန် အကဲဖြတ်နိုင်မည်ဖြစ်သည်။

### လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး နောက်ခံသမိုင်းအကျဉ်းချုပ်၏အကြောင်း

လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး နောက်ခံသမိုင်း အကျဉ်းချုပ်သည် ကောင်းမွန်သော လုံခြုံရေးကဏ္ဍ အား အုပ်ချုပ်မှုတွင် လွှတ်တော်များ၏ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများ အကြောင်းပင်ဖြစ်ပါသည်။ နိုင်ငံရေးဆိုင်ရာနှင့် ဥပဒေရေးဆိုင်ရာ စနစ်တစ်ခုစီ၏ လွှတ်တော်များသည် တစ်မျိုးတစ်ဘာသာစီ ထူးခြား သော်လည်း ဒီမိုကရေစီနိုင်ငံတိုင်းတွင် ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှု သေချာရှိစေရန် ဆောင်ရွက်ပေးသော အဓိက လုပ်ဆောင်ပေးသူ ဖြစ်စေသည့် အလားတူလုပ်ငန်းတာဝန်များမှာမူ ယင်းတို့ အားလုံးတွင်ရှိပါသည်။ ဤနောက်ခံသမိုင်း အကျဉ်းချုပ်သည် ကောင်းမွန်သော အုပ်ချုပ်မှု၏ အခြေခံ သဘောတရားများကို လုံခြုံရေးကဏ္ဍတွင် မည်သို့ကျင့်သုံးနိုင်သည်ကို ရှင်းပြပါသည်။

### လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး နောက်ခံသမိုင်းအကျဉ်းချုပ်သည် အောက်ဖော်ပြပါမေးခွန်းများကို ဖြေဆိုပါသည်။

- လွှတ်တော်များသည် ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုအတွက် အဘယ်ကြောင့် အရေးပါရသနည်း။ *စာမျက်နှာ-(၂)*
- လွှတ်တော်များသည် ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုရှိစေရန် ယင်းတို့၏ ဥပဒေပြုရေး လုပ်ငန်းတာဝန်များကို မည်သို့အသုံးပြုနိုင်မည်နည်း။ *စာမျက်နှာ-(၄)*
- လွှတ်တော်များသည် ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုရှိစေရန် ရသုံးမှန်းခြေ ငွေစာရင်း စစ်ဆေးခြင်းကို မည်သို့အသုံးပြုနိုင်မည်နည်း။ *စာမျက်နှာ-(၆)*
- လွှတ်တော်များသည် လုံခြုံရေးကဏ္ဍအား ဒီမိုကရေစီ စံနှုန်းနှင့်အညီဖြစ်သော ကြီးကြပ်စစ်ဆေးမှုကို မည်သို့စီစဉ်ဆောင်ရွက်မည်နည်း။ *စာမျက်နှာ-(၈)*
- လွှတ်တော်များသည် ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုရှိစေရန် ပံ့ပိုးလုပ်ဆောင်ရာတွင် မည်သည့် ကန့်သတ်ချုပ်ချယ်မှုများကို ရင်ဆိုင်ရပါသနည်း။ *စာမျက်နှာ-(၁၁)*
- လွှတ်တော်များသည် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် မည်သို့ကူညီ ပံ့ပိုးနိုင်ပါသနည်း။ *စာမျက်နှာ-(၁၂)*

DCAF
a centre for security, development and the rule of law

DCAF SSR BACKGROUNDER | Parliaments

## လွှတ်တော်များသည် ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုအတွက် အဘယ်ကြောင့် အရေးပါရသနည်း။

လွှတ်တော်များသည် အစိုးရ၏တစ်စိတ်တစ်ဒေသဖြစ်ကာ ပြည်သူ့ရေးရာ မူဝါဒများဖော်ဆောင်ရေး၊ ဥပဒေပြုရေးနှင့် ဒီမိုကရေစီနိုင်ငံများတွင် ရွေးကောက်တင်မြှောက်ခြင်းခံရသော ကိုယ်စားလှယ်များမှတစ်ဆင့် တရားဝင်အစိုးရဖြစ်ပေါ်လာစေရေး တို့အတွက်တာဝန်ရှိပါသည်။ **လွှတ်တော်၏ လုပ်ငန်းတာဝန်များဖြစ်သော ဥပဒေပြုရေး၊ ရသုံးမှန်းခြေ ငွေစာရင်း စစ်ဆေးခြင်း၊ ကြီးကြပ်စစ်ဆေးမှု၊ အစိုးရဝန်ထမ်းများခန့်အပ်မှုနှင့် ရွေးကောက်တင်မြှောက်ခြင်းခံရသော ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားမှုတို့ကြောင့် လွှတ်တော်သည် ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုသေချာရှိစေရန် ဆောင်ရွက်ပေးရာတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ခွင့်ရှိပါသည်။**

ဤနောက်ခံသမိုင်းအကျဉ်းချုပ်တွင် အသုံးပြုထားသော "လွှတ်တော်" ဟူသည့် စကားလုံးသည် ရွေးကောက်တင်မြှောက်ခြင်းခံရသော ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့် ဒီမိုကရေစီကျင့်သုံးသော နိုင်ငံပေါင်းစုံရှိ အမျိုးမျိုးသော အမည်ရှိသည့် ဥပဒေပြုရေး လွှတ်တော်အစည်းအဝေးများ အားလုံးကို ဆိုလိုသည်။ ဥပမာအားဖြင့် အမျိုးသားလွှတ်တော်၊ ဥပဒေပြုလွှတ်တော်။ အီဂျစ်နိုင်ငံ၏ အထက်လွှတ်တော် (Shura)၊ မြောက်အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသရှိနိုင်ငံများ၏ ဥပဒေပြုလွှတ်တော် (Majils)၊ ဥပဒေပြုရေးနှင့် အကြံပြုရေးကောင်စီ(Council)၊ ဥပဒေပြုအထက်လွှတ်တော် (Senate)၊ ပြည်သူ့လွှတ်တော် (House of Representatives)၊ ဂျပန်နိုင်ငံ၏ ဥပဒေပြုလွှတ်တော် (Diet)ဟူ၍အခြားသော အမည်များဖြင့် ရှိပါသည်။

လွှတ်တော်များသည် နိုင်ငံရေးဆိုင်ရာနှင့် ဥပဒေရေးဆိုင်ရာ စနစ်များအကြားနှင့် နိုင်ငံများအကြားတွင် အလွန် ကွဲပြားခြားနားကာ ထိုကွဲပြားခြားနားမှုများသည် ကမ္ဘာတစ်ဝှမ်းရှိ လွှတ်တော်များ၏ အခန်းကဏ္ဍများနှင့် အခွင့်အာဏာများတွင် ကွဲပြားသွားပါသည်။ ထိုကွဲပြားခြားနားမှုများဟူသည်မှာ အခြေအနေတစ်ခုတွင် ကောင်းမွန်သော အုပ်ချုပ်မှုရှိလာစေရန်အတွက် သတ်မှတ်လိုက်သော စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို အခြားစနစ်တစ်ခုတွင် ပြဋ္ဌာန်းလိုက်ပါက ကောင်းမွန်သော အုပ်ချုပ်မှု သေချာပေါက် ရှိလာမည် မဟုတ်ပါ။ ဤအကြောင်းအရင်းကြောင့် **ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုတွင် လွှတ်တော်နှင့်ဆိုင်သော လုပ်ငန်းစဉ်များနှင့် ကောင်းမွန်သော ကျင့်သုံးမှုများကို အခြေအနေတစ်ခုမှ နောက်အခြေအနေတစ်ခုသို့ ဘယ်သောအခါမှ အတုခိုး၍ ရမည်မဟုတ်ပါ။ သို့သော် ကောင်းမွန်သော အုပ်ချုပ်မှုရှိလာစေရန်နိုင်ငံဒေသ၏ အခြေအနေအရ အမြဲတမ်း လိုက်လျောညီထွေရှိအောင် ပြင်ဆင်ညှိနှိုင်းယူရမည်ဖြစ်သည်။**

စနစ်တစ်ခုချင်းစီသည် ကွဲပြားသော်လည်း လွှတ်တော်များသည် ယေဘုယျအားဖြင့် လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုအပေါ်တွင် ဩဇာလွှမ်းမိုးမှုရှိသော အဓိကလုပ်ငန်းတာဝန်ငါးရပ်ရှိပါသည်။
(ပုံ ၁ တွင်ကြည့်ပါ)

လွှတ်တော်များသည်ယင်းတို့၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုကို အထောက်အကူဖြစ်စေရန်အတွက် အနည်းဆုံး အရည်အသွေး သုံးရပ်ရှိရန် လိုအပ်ပါသည်။

**အခွင့်အာဏာ** : လွှတ်တော်များတွင် လုံခြုံရေးကဏ္ဍကို ကြီးကြပ်ကွပ်ကဲရန် လုံလောက်သည့် စည်းမျဉ်းအရ သတ်မှတ်ထားသော ဥပဒေနှင့်အညီဖြစ်သည့် အခွင့်အာဏာ ရှိကိုရှိရမည် ဖြစ်သည်။ နိုင်ငံအများစုတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေများ၊ အခြေခံဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ (သို့) ပြဋ္ဌာန်းထားသည့်ဥပဒေများမှ ထိုကဲ့သို့သော အခွင့်အာဏာကို တရားဝင် ပေးအပ်ထားသော်လည်း လက်တွေ့တွင်မူ အခွင့်အာဏာကို အမြဲတမ်းကျင့်သုံး (သို့) အသိအမှတ်ပြုလိုက်နာသည် မဟုတ်ပါ။

**အရည်အချင်း** : လွှတ်တော်များသည် အဖွဲ့အစည်းပိုင်းဆိုင်ရာ ထောက်ပံ့မှု၊ သတင်းအချက်အလက်ရရှိမှု၊ ဆန်းစစ်လေ့လာ၍ သုတေသနပြုနိုင်စွမ်းရှိမှု၊ အထူးလေ့လာလိုက်စားထားသော ကျွမ်းကျင်မှုများနှင့် လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများနှင့် အလုပ်သဘောအရ ဆက်ဆံရေးတို့ အပါအဝင် ယင်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီဖြစ်သော အခန်းကဏ္ဍများကို ထိထိရောက်ရောက် ဆောင်ရွက်ရန် လုံလောက်သော အရင်းအမြစ်များရှိရန် လိုအပ်ပါသည်။

**သဘောထား** : လွှတ်တော်ကိုယ်စားလှယ်များသည် ဒီမိုကရေစီကို အခြေခံသော လုပ်ငန်းစဉ်များကို လုပ်ဆောင်ရာတွင် ခိုင်မာသော ကတိကဝတ်ပြုမှုရှိရန် လိုအပ်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့၏ လုပ်ဆောင်မှုများကို အတိုက်အခံပြုလုပ်မှုရှိလာနိုင်ပြီး အကျင့်ပျက်ခြစားမှုကိုဖြစ်စေသော အခွင့်အလမ်းများ ရှိလာနိုင်ခြေရှိပါသည်။ လွှတ်တော်ရှိ ကိုယ်စားလှယ်များသည် များသောအားဖြင့် ၎င်းတို့၏ လွတ်လပ်ခွင့်နှင့် ဂုဏ်သိက္ခာကို ကာကွယ်ရန် ၎င်းတို့၏ တရားဝင် တာဝန်ဝတ္တရားများကို ဆောင်ရွက်သည့် ကာလတွင် တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

**အဘယ့်ကြောင့်ဆိုသော် လွှတ်တော်သည် ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ပြီး ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှု အသေအချာရှိစေရန် လွှတ်တော်၏ အခွင့်အာဏာ၊ အရည်အချင်းနှင့် သဘောထားတို့ကို အားကောင်းခိုင်မာစေရေးသည် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး၏ အဓိကကျသော ရည်မှန်းချက်ပန်းတိုင် တစ်ခုဖြစ်ပါသည်။**


2

DCAF SSR BACKGROUNDER | Parliaments

**ပုံ (၁)** လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုအပေါ်တွင် ဩဇာလွှမ်းမိုးမှုရှိသော လွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်ငါးရပ်

| ဥပဒေပြုရေးလုပ်ငန်းတာဝန် | ရသုံးမှန်းခြေငွေစာရင်း ဆိုင်ရာလုပ်ငန်းတာဝန် | ကြီးကြပ်စစ်ဆေးမှု လုပ်ငန်းတာဝန် | ခန့်အပ်ခြင်း လုပ်ငန်းတာဝန် | ကိုယ်စားပြုခြင်း လုပ်ငန်းတာဝန် |
|---|---|---|---|---|
| လွှတ်တော်သည် လုံခြုံရေး ပံ့ပိုးဖြည့်ဆည်းပေးသူများ၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်စစ်ဆေးမှု ပြုလုပ်သည့် အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်၊ လုပ်ငန်းတာဝန်၊ အစီအစဉ်နှင့် အခွင့်အာဏာများကို ဆုံးဖြတ်ပေးသည့် ဥပဒေများကို ဖန်တီးရေးဆွဲပေးရသည်။ | လွှတ်တော်သည် လုံခြုံရေးကဏ္ဍ အတွက်ရသုံးမှန်းခြေ ငွေစာရင်းကိုအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း (သို့) ပယ်ချခြင်းပြုနိုင်သည့် အခန်းကဏ္ဍတွင် ရှိပါသည်။ | လွှတ်တော်သည် လုံခြုံရေးကဏ္ဍအား ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေများ၊စည်းမျဉ်း စည်းကမ်းများနှင့် မူဝါဒများအရဖြစ်ပြီး ဥပဒေနှင့်အညီ လိုက်နာကာ လုပ်ဆောင်မှုရှိ/မရှိကို စောင့်ကြည့်စစ်ဆေး အတည်ပြုနိုင်ပါသည်။ | လွှတ်တော်သည် လုံခြုံရေးကဏ္ဍ အတွင်းရာထူး ခန့်အပ်မှုများကို ကြည့်ရှုစစ်ဆေးပြီး ပယ်ချခြင်း(သို့) ထောက်ခံအတည်ပြုခြင်း ပြုလုပ်နိုင်ပြီး လုံခြုံရေးနှင့် စပ်လျဉ်းသော အစိုးရ၏ ဆုံးဖြတ်ချက်များကို သဘောတူညီမှုမရှိပါက အယုံအကြည်မရှိ အဆိုကို တင်သွင်းခွင့်ရှိသည်။ | လွှတ်တော်သည် လုံခြုံရေး နှင့် ပတ်သက်၍ ဝေဖန်ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ရန် ပြည်သူ့ဆွေးနွေးပွဲ ပြုလုပ်စီစဉ်ပေးခြင်း၊ အပြန်အလှန်ပြောဆို ဆွေးနွေးမှုနှင့်ပွင့်လင်း မြင်သာမှုမှ တစ်ဆင့် နိုင်ငံရေးဆိုင်ရာ အများ သဘောတူညီမှု ရရှိရေးကို ကူညီပံ့ပိုးပေးရန်နှင့် လုံခြုံရေးနှင့်စပ်လျဉ်း၍ ပြည်သူလူထု သဘောတူညီမှုမရှိသော အစိုးရ၏ ဆုံးဖြတ်ချက်များကို ဖော်ထုတ်ခြင်းတို့ ပြုလုပ်သည်။ |


3

DCAF SSR BACKGROUNDER | Parliaments

## လွှတ်တော်များသည် ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုရှိစေရန် ယင်းတို့၏ ဥပဒေပြုရေး လုပ်ငန်းတာဝန်များကို မည်သို့အသုံးပြုနိုင်မည်နည်း။

လွှတ်တော်များသည် ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုရှိစေရေးအတွက် အဓိကကျသောလုပ်ဆောင်သူများ းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ယင်းတို့သည် လုံခြုံရေးကဏ္ဍ အပေါ်တွင် အာဏာ သက်ရောက်မှုရှိသည့် ဥပဒေမူဘောင်ကို ဖန်တီးရေးဆွဲရေးနှင့် ကြီးကြပ်ကွပ်ကဲရေးတို့တွင် ပါဝင်နေသော ကြောင့်ဖြစ်သည်။ ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုတွင် လုံခြုံရေးကဏ္ဍသည် အရပ်ဘက် ပြည်သူလူထု၏ ဒီမိုကရေစီနည်းကျသော ထိန်းကွပ်မှုကို လိုက်နာရန်နှင့် ဒီမိုကရေစီနိုင်ငံတွင် အစိုးရ၏ အင်အားအသုံးပြုမှုနှင့် နိုင်ငံရေးသြဇာအာဏာ အပေါ်တွင် ကန့်သတ်ချက်များ ရှိလာစေပြီး ကဏ္ဍများနှင့် တာဝန်ဝတ္တရားများ ခွဲဝေသတ်မှတ်ရေးအတွက် အရေးကြီးသော အခြေခံဖြစ်သည့် လုံခြုံရေး စီစဉ်ဆောင်ရွက် ပေးမှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ရေးတာဝန်တို့အတွက် ကောင်းမွန်သော ဥပဒေမူဘောင် ရှိရန်လိုအပ်သည်။

**ကောင်းမွန်သော ဥပဒေမူဘောင်တစ်ခုကို ဖော်ဆောင်ရေးနှင့် လုံခြုံရေး စီစဉ်ဆောင်ရွက်ပေးသူများနှင့် နိုင်ငံကို စီမံအုပ်ချုပ်သူများသည် ၎င်းတို့၏ အခန်းကဏ္ဍများကို ယင်းဥပဒေမူဘောင်၏ ကန့်သတ်ချက်များအတွင်းမှ ထိထိရောက်ရောက် ကျေပွန်အောင် ဆောင်ရွက်စေရန် သေချာအောင် လုပ်ဆောင်ရမည်မှာ လွှတ်တော်၏ တာဝန်ပင်ဖြစ်သည်။**

အရပ်ဘက်ပြည်သူလူထု၏ ဒီမိုကရေစီနည်းကျသော ထိန်းကွပ်မှုအတွက် ကောင်းမွန် သော ဥပဒေမူဘောင်၏ စစ်မှန်သော စရိုက်လက္ခဏာများတွင် ပါဝင်သည်မှာ

- လုံခြုံရေးကဏ္ဍ၏ လုပ်ပိုင်ခွင့်အာဏာ၊ ဥပဒေရေးရာ လုပ်ပိုင်ခွင့်တာဝန်များ၊ အစီအစဉ်နှင့် လုပ်ငန်းတာဝန် လုပ်ဆောင်မှုတို့ကို တရားဥပဒေနှင့်အညီဖြစ်ပြီး ပြည်သူလူထု သိရှိစေရန် စေ့စေ့စပ်စပ်နှင့်တိတိကျကျ အဓိပ္ပာယ်ဖွင့်ဆိုထားရပါမည်။
- လုပ်ငန်းပိုင်းဆိုင်ရာ လျှို့ဝှက်ချက်ကို ကာကွယ်ထားသည့် ကန့်သတ်ချက်ဘောင်အတွင်းမှ အရပ်ဘက် ပြည်သူလူထုသည် ဒီမိုကရေစီနည်းကျကျ ကြီးကြပ်ရာမှတစ်ဆင့် လုံခြုံရေးကဏ္ဍ၏ တာဝန်ခံမှုကို ဥပဒေက အသေအချာရှိစေပါသည်။
- လုံခြုံရေးကဏ္ဍအတွက် စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းသတ်မှတ်ခြင်းကို တင်းကြပ်စွာ ကန့်သတ်ထား ပြီး ဥပဒေ၏ ကန့်သတ်ချက်များအတွင်းမှသာ လုပ်ပိုင်ခွင့်ရှိသည်။
- လုံခြုံရေးကဏ္ဍသည် ဥပဒေကို ချိုးဖောက်ဆန့်ကျင်သည့် မည်သည့်လုပ်ဆောင်မှုကိုမှ လုပ်ဆောင်၍မရ (သို့) လုပ်ဆောင်ရန် အမိန့်ပေးစေခိုင်း၍မရ။
- လုံခြုံရေး စီစဉ်ဆောင်ရွက်ပေးမှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ရေးတာဝန်တို့အတွက် နိုင်ငံ၏ ဥပဒေ မူဘောင်သည် လူ့အခွင့်အရေး၊ ဘာသာရေးဆိုင်ရာ၊ လူမျိုးစုဆိုင်ရာနှင့် ကျား/မဆိုင်ရာ တန်းတူညီမျှမှု တို့ကို အကာအကွယ်ပေးမှုများအပါအဝင် နိုင်ငံတကာ ဥပဒေ၊ သတ်မှတ်ချက်များနှင့် စံချိန်စံနှုန်းများ နှင့် သဟဇာတဖြစ်ရမည်ဖြစ်သည်။

လွှတ်တော်များသည် ဥပဒေကို ယေဘုယျအားဖြင့် အများပြည်သူတို့ သိရှိနားလည် လွယ်စေပြီး ရှင်းလင်း တိကျ၍ သမာသမတ်ကျကာ တစ်ညီတစ်ညာတည်းပြဋ္ဌာန်းပြီး နောက်ကြောင်းပြန်လှည့်ခြင်းမရှိအောင် သေသေချာချာလုပ်ဆောင်ခြင်းဖြင့် လုံခြုံရေးနှင့် တရားမျှတမှု တိုးတက်ကောင်းမွန်လာစေပါသည်။

### ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုနှင့် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲမှု

ကောင်းမွန်သောအုပ်ချုပ်မှု၏ အခြေခံသဘောတရားများ သည်ပြည်သူ့ လုံခြုံရေး စီစဉ်ဆောင်ရွက်မှုနှင့် မည်သို့အကျိုးသက်ရောက်မှုရှိသည်ကို ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုကဖော်ပြပါသည်။ ကောင်းမွန်သော အုပ်ချုပ်မှု၏ အခြေခံသဘောတရားများမှာ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ တရားဥပဒေစိုးမိုးရေး၊ ဆုံးဖြတ်ချက် ချရာတွင်ပူးပေါင်းပါဝင်ခွင့်ရှိမှု၊ လိုက်လျောညီထွေ တုံ့ပြန်ဆောင်ရွက်နိုင်မှု၊ ထိထိရောက်ရောက် လုပ်ဆောင်နိုင်မှုနှင့် အကျိုးရှိရှိ လုပ်ဆောင်နိုင်မှုတို့ဖြစ်သည်။ ကောင်းမွန်သောလုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုသည် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် နိုင်ငံ၏ လုံခြုံရေး ကဏ္ဍသည် မည်သို့လုပ်ဆောင်သင့်သည်ဟူ၍ စံသတ်မှတ် ထားသည့်အဆင့်အတန်း တစ်ခုဖြစ်ပါသည်။

**လုံခြုံရေးကဏ္ဍ**သည်နိုင်ငံတော်အဆင့်နှင့် ဒေသန္တရအဆင့်တို့တွင် လုံခြုံရေး စီစဉ်ဆောင်ရွက်ပေးမှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ရေး တာဝန်တို့အတွက် တာဝန်ရှိသော ဖွဲ့စည်းပုံများ၊ အဖွဲ့အစည်းများနှင့် အမှုထမ်းများ အားလုံးတို့နှင့် ပါဝင်ဖွဲ့စည်းထားပါသည်။ ကောင်းမွန် သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုဟူသည် အရပ်ဘက် ပြည်သူ လူထု၏ ဒီမိုကရေစီနည်းကျသော ထိန်းကွပ်မှု၊ တရားဥပဒေ စိုးမိုးရေးနှင့် လူ့အခွင့်အရေးကို လေးစားမှု တို့ပါဝင်သော မူဘောင် အတွင်းမှ လုံခြုံရေးကဏ္ဍသည် နိုင်ငံနှင့်နိုင်ငံတွင်းနေထိုင်သူတို့၏ လုံခြုံရေးကို ထိထိရောက်ရောက်နှင့်တာဝန်သိတတ်စွာ စီစဉ် ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။

ကောင်းမွန်သောလုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုကို တည်ဆောက် ထူထောင်ခြင်းသည် **လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲမှု**၏ရည်မှန်းချက်ပန်းတိုင် တစ်ရပ်ပင်ဖြစ်သည်။ လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲမှုသည် အရပ်ဘက်ပြည်သူလူထု၏ ဒီမိုကရေစီနည်း ကျသော ထိန်းကွပ်မှု၊တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးကို လေးစားမှုတို့ပါဝင်သော မူဘောင်အတွင်းမှ လုံခြုံရေး စီစဉ် ဆောင်ရွက်ပေးမှု၊စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ရေးတာဝန် တို့ကို ပို၍ထိထိ ရောက်ရောက်နှင့် ပို၍တာဝန်သိတတ်မှုရှိရှိ လုပ်ဆောင်စေခြင်းဖြင့် နိုင်ငံနှင့်နိုင်ငံတွင်းနေထိုင်သူတို့၏ လုံခြုံရေးကိုတိုးတက် ကောင်းမွန်စေ သည့် နိုင်ငံရေးဆိုင်ရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ လုပ်ငန်းစဉ် ဖြစ်သည်။ လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲမှုသည် လုံခြုံရေး ကဏ္ဍ၏ တစ်စိတ်တစ်ပိုင်းတည်း(သို့) စနစ်တစ်ခုလုံး၏ လုပ်ငန်း လည်ပတ်ဆောင်ရွက်ပုံကို အာရုံစိုက် အလေးပေးကောင်းပေးမည် ဖြစ်သော်လည်း ရည်မှန်းချက်ပန်းတိုင်မှာ ထိရောက်မှုနှင့် တာဝန်ခံမှု နှစ်ခုစလုံးကို အစဉ်တိုးတက်ကောင်းမွန် လာစေရေးပင်ဖြစ်သည်။ ထိုအဓိကကျသည့်အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့်ပတ်သက်သော နောက် ထပ်သတင်းအချက်အလက်များရရှိရေးအတွက် (လုံခြုံရေး ကဏ္ဍအား အုပ်ချုပ်မှု၊လုံခြုံရေးကဏ္ဍအားပြုပြင်ပြောင်းလဲမှု နှင့်လုံခြုံရေးကဏ္ဍ) နှင့်ပတ်သက်၍ရေးသားထားသည့် လုံခြုံရေးကဏ္ဍအား ပြုပြင် ပြောင်းလဲရေး နောက်ခံသမိုင်းအကျဉ်းချုပ်ကို ကျေးဇူးပြု၍ မှီငြမ်း ကြည့်ရှုနိုင်ပါသည်။


4

ဒီမိုကရေစီနိုင်ငံများတွင် ဥပဒေ အဆိုပြုချက်များကို မည်သို့အစပြုသည်၊ မူကြမ်းရေးဆွဲသည်၊ ပြန်လည် သုံးသပ်သည်၊ ပြင်ဆင်သည်၊ အတည်ပြုသည် (သို့) ပယ်ချသည် အစရှိသည်တို့တွင် ကွဲပြားသော်လည်း များသောအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ကော်မတီများ (သို့ ကော်မရှင်များ)သည် လုပ်ငန်းစဉ်၏ အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်သည်။ အခြေအနေအရပ်ရပ်တွင် ဥပဒေပြုခြင်း၏ အရည်အသွေးသည် လွှတ်တော်ဆိုင်ရာလုပ်ဆောင်မှု၏ အရည်အသွေးအပေါ်တွင် မူတည်ပါသည်။ ယင်းလွှတ်တော်ဆိုင်ရာ လုပ်ဆောင်မှုတွင် ကိုယ်စားလှယ်များနှင့် ကော်မတီများ၏ လုပ်ငန်းဆောင်တာများကို သီးခြားထောက်ပံ့ ကူညီပေးရန် ကျွမ်းကျင်လိမ္မာသော အမှုထမ်းများ လိုအပ်သလို ဥပဒေပြုခြင်းကို အသေးစိတ် စဉ်းစားသုံးသပ်နိုင်ရန် လုံလောက်သော အချိန်နှင့် အရင်းအမြစ်များလည်းရှိရန် လိုအပ်ပါသည်။

**ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုပါဝင်ခြင်းသည် လွှတ်တော်ဆိုင်ရာလုပ်ဆောင်မှု၏ အရည်အသွေးအတွက် အရေးကြီးပါသည်။** ဤသည်မှာ ဆုံးဖြတ်ချက်ချရာတွင် လူဦးရေ၏ အလွှာအပိုင်း အခြားတိုင်းမှ အမျိုးမျိုးအထွေထွေသော နိုင်ငံသားများသည် ကိုယ်စားပြုပါဝင်သင့်သည်။ အထူးသဖြင့် အမျိုးသမီးများနှင့် တိုင်းရင်း သားလူနည်း စုများနှင့် လူနည်းစုကိုးကွယ်သည့် ဘာသာဝင်များ အစရှိသည့် မကြာမကြာ ကိုယ်စားပြု ပါဝင်ခွင့် မရှိသည့်သူများကို ဆိုလိုခြင်းဖြစ်သည်။ ကိုယ်စားပြုပါဝင်ခွင့်မရှိသည့် အစုအဖွဲ့များကို တိုက်ရိုက်ပါဝင်နိုင်မှု တိုးမြင့်လာစေရန် ကော်မတီ၏ လုပ်ငန်းစဉ်ကို ဆွေးနွေးပွဲဖြစ်ပေါ်လာရေးအတွက် အသုံးပြု၍ ဥပဒေပြုရေး လုပ်ငန်းစဉ်များတွင် ပြည်သူ့ထင်မြင်ယူဆချက်များကို ကျယ်ကျယ်ပြန့်ပြန့် ရယူနိုင်ရန် ပြည်သူတို့၏ အဆိုပြုလွှာများကို တောင်းခံခြင်း (သို့) အရပ်ဘက်လူထုအဖွဲ့အစည်း၏ အကြံပြုချက်များကို ပေးရန် ဖိတ်ခေါ်ခြင်းဖြင့် ကိုယ်စားပြုပါဝင်ခြင်းကို ကျယ်ပြန့်လာစေနိုင်ပါသည်။

DCAF SSR BACKGROUNDER | Parliaments

**လွှတ်တော်တိုင်းသည် ကွဲပြားခြားနားကြသည်။** ဖွဲ့စည်းပုံ၊ အခြေအနေ၊ လုပ်ထုံးလုပ်နည်းနှင့် ဥပဒေပြုအာဏာများ ကွဲပြားခြားနားမှုများ အနည်းငယ်ရှိခြင်းသည် နိုင်ငံရေးဆိုင်ရာ နည်းစနစ်များဆင်တူသည့် ဒီမိုကရေစီနိုင်ငံများ အကြားတွင်ပင် လွှတ်တော်များသည် လုပ်ငန်းတာဝန်များကို လုပ်ဆောင်ရာတွင် ကွဲပြားခြားနားနိုင်သည်ဟု အဓိပ္ပာယ်သက်ရောက် ပါသည်။

- ကောင်းမွန်သော လုံခြုံရေးကဏ္ဍအားအုပ်ချုပ်မှုတွင် လွှတ်တော်၏ အခန်းကဏ္ဍအပေါ်တွင်အကျိုးသက်ရောက်နိုင်သည့် အချို့သော ယေဘုယျအဖွဲ့အစည်းပိုင်းဆိုင်ရာ ပြောင်းလဲမှုမူကွဲများတွင် ပါဝင်သည်မှာဗြိတိသျှပါလီမန်စနစ်၊ သမ္မတပါဝင်သောစနစ်၊ ပါလီမန်ဆိုင်ရာ (သို့) စနစ်နှစ်ခုပေါင်းစပ် ထားသော စနစ်များတွင် နိုင်ငံရေးဆိုင်ရာ - ဥပဒေပြုရေးဆိုင်ရာ စနစ်များကိုဗဟိုအစိုးရမှ စီစဉ်ဆောင်ရွက်သည် (သို့) ပြည်ထောင်စုအစိုးရ (ဖက်ဒရယ်ဝါဒ ကို ကျင့်သုံးသော အစိုးရ)မှ စီစဉ်ဆောင်ရွက်သည်။
- ဥပဒေပြုရေးဆိုင်ရာအစည်းအဝေးကျင်းပမှုများ၏ အတိုင်းအတာ ပမာဏ၊အရေအတွက်နှင့်ယင်းတို့၏ ဥပဒေပြုရေးဆိုင်ရာ ဩဇာအာဏာများသည် အစိုးရ၏ အခြားသော ဌာနခွဲများ၊ရုံးခွဲများ၊ အခြားသောအဆင့်များနှင့် အပြန်အလှန်အားဖြင့် အဆင့်တူညီမှု။
- နိုင်ငံ၏ ခေါင်းဆောင်အကြီးအကဲသည် အစိုးရတွင်လည်း ခေါင်းဆောင်အကြီးအကဲ ဖြစ်မဖြစ်နှင့် နိုင်ငံတော် အုပ်ချုပ်မှု ကဏ္ဍတွင် ပါဝင်သူများကိုရွေးချယ်ခြင်း(သို့)ဆက်လက် ထားရှိ လုပ်ဆောင်စေခြင်းတို့တွင် လွှတ်တော်သည် မည်သည့်အခန်းကဏ္ဍမှ ပါဝင်သနည်း။
- နိုင်ငံတော်အုပ်ချုပ်မှု အာဏာအသုံးပြုခြင်းကို အပြန်အလှန် စစ်ဆေးခြင်းသည် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာများကို ခွဲဝေထားမှု (သို့) ပူးပေါင်းထားမှု အပေါ်တွင် ပို၍ မူတည်ပါသည်။
- အစဉ်အလာများ၊ယဉ်ကျေးမှုဓလေ့ထုံးစံ၊ အလွတ်သဘောဆောင် သည့် စည်းမျဉ်း စည်းကမ်းများ၊ အုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံး လုပ်နည်းများ၊ နိုင်ငံအုပ်ချုပ်မှုရေးရာတွင် လိုက်နာစောင့်ထိန်း ရမည့်ကျင့်ဝတ်များနှင့် အစိုးရ၊ပြည်နယ်များ၏ အုပ်ချုပ်ရေးတွင် ပါဝင်သူများ၊ နိုင်ငံရေးပါတီများနှင့် ရွေးကောက် တင်မြှောက် ခံထားရသည့် ကိုယ်စားလှယ်လောင်းတို့ အကြားရှိ ဆက်ဆံရေးများ။
- နိုင်ငံရေးပါတီများ၏ အရေအတွက်၊ ခံယူချက်သဘောထားကို ကိုယ်စားပြုနိုင်မှု၊ အင်အားတောင့်တင်းမှုနှင့် ယင်းတို့၏ အဖွဲ့ဝင်များအပေါ်တွင် ယင်းတို့၏ ဩဇာလွှမ်းမိုးမှု။

**ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှု၏ အခြေခံသဘောတရားများကမူ ပြောင်းလဲမသွားသော်လည်း ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှု အသေအချာရှိစေရန် လွှတ်တော်ရေးရာ စီစဉ်ဆောင်ရွက် မှုများသည် စနစ်တစ်ခုစီနှင့် လိုက်လျောညီထွေရှိအောင် ပြင်ဆင်ညှိနှိုင်းရမည်။**

DCAF SSR BACKGROUNDER | Parliaments

### လွှတ်တော်များသည် ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုရှိစေရန် ရသုံးမှန်းခြေငွေစာရင်း စစ်ဆေးခြင်းကို မည်သို့အသုံးပြုနိုင်မည်နည်း။

ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်တို့ဖြင့် ဖွဲ့စည်းထားသော ဒီမိုကရေစီစနစ်၏ အုတ်မြစ်သဖွယ် ဖြစ်သည့် အခြေခံသဘောတရားမှာ "ကိုယ်စားပြုနိုင်ခြင်းမရှိလျှင် အခွန်စည်းကြပ် ခြင်းမလုပ်နိုင်ပါ" ဟူ၍ဖြစ်ပြီး ရလဒ်အားဖြင့် နိုင်ငံတော်အုပ်ချုပ်မှုကဏ္ဍသည် လုံခြုံရေးကဏ္ဍ၏ အရင်းအမြစ်များအပါအဝင်ဖြစ်သည့် တစ်နှစ်တာရသုံးမှန်းခြေငွေစာရင်းကို ဥပဒေအရ အတည်ပြုမှုကို ရယူရမည်ဖြစ်သည်။ **လွှတ်တော်များသည် ရသုံးမှန်းခြေငွေစာရင်းကို လက်ခံအသိအမှတ်ပြုခြင်း၊ ပယ်ချခြင်း၊ ပြင်ဆင်ခြင်း၊ ဩဇာလွှမ်းမိုးသက်ရောက်မှုရှိခြင်း (သို့) ရသုံးမှန်းခြေငွေစာရင်း၏ ဦးစားပေးရမည့် အကြောင်းအရာ အသစ်တစ်ဖန်သတ်မှတ်နိုင်ခြင်းတို့ကြောင့် လွှတ်တော်သည် လုံခြုံရေး စီစဉ်ဆောင်ရွက်ပေးမှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ရေးတာဝန် အပေါ်တွင် တိုက်ရိုက်ဩဇာလွှမ်းမိုးနိုင်စွမ်းရှိပါသည်။** လုံခြုံရေးအတွက် နိုင်ငံ့ဘဏ္ဍာများကို မည်သို့သုံးစွဲနေသည်ကို လွှတ်တော်က ကြီးကြပ်စစ်ဆေးမှု မပြုလုပ်လျှင် လုံခြုံရေးကဏ္ဍသည် ပြည်သူ့ဘဏ္ဍာများကို သုံးစွဲရာတွင် တာဝန်ခံမှုရှိပြီး ဥပဒေနှင့်အညီ အကျိုးရှိရှိ သုံးစွဲနေသည်ဟု အခိုင်အမာ ပြောဆိုနိုင်မည် မဟုတ်ပေ။

**လွှတ်တော်သည် ရသုံးမှန်းခြေငွေစာရင်းတွင် လုံခြုံရေးကဏ္ဍအား ခွဲဝေသတ်မှတ်ပေးထားသည့် အရင်းအမြစ်များ၏ အဆင့်အတန်းကို စမ်းသပ်စစ်ဆေးခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ ပယ်ဖျက်ခြင်း (သို့) ပြောင်းလဲခြင်းတို့ကို ပြုလုပ်နိုင်သော ယင်း၏ဩဇာအာဏာကို အသုံးပြု၍ လုံခြုံရေးကဏ္ဍ၏ လုပ်ဆောင်မှု စွမ်းရည်ကို မြှင့်တင်နိုင်ပါသည်။** ဥပမာအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များသည် အချို့သော ပြည်သူ့လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များအရ အရင်းအမြစ်များကို ခွဲဝေသတ်မှတ်ပေးရန် လိုအပ်သော အခါ ဝန်ကြီးများ (သို့) လုံခြုံရေး အရာရှိများကို ဆင့်ခေါ်၍ ငွေကြေးသုံးစွဲမှု အသေးစိတ်ကို ရှင်းပြစေခြင်း (သို့) ငွေကြေးသုံးစွဲမှုကို တရားဝင် ပြဋ္ဌာန်းထားသော အကြောင်းအရာများတွင်သာ ကန့်သတ်သုံးစွဲရန် တောင်းဆိုခြင်း တို့ကို ပြုလုပ်နိုင်ပါသည်။ လွှတ်တော်များသည် ယင်းတို့၏ အာဏာကို အသုံးပြု၍ လုံခြုံရေး စီစဉ်ဆောင်ရွက်ပေးမှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ရေးတာဝန်တို့၏ ဦးတည်ချက်နှင့် ဦးစားပေးသတ်မှတ်ချက်များကို ဖော်ဆောင်ရန်အတွက် အထူးငွေကြေး ထောက်ပံ့မှု ပြုလုပ်ပေးရန် တောင်းဆိုချက်များနှင့် နောက်ဆက်တွဲ ရသုံးမှန်းခြေငွေစာရင်းများကို ထောက်ခံခွင့်ပြုနိုင်သည် (သို့) ပယ်ချနိုင်သည်။

လွှတ်တော်၏ဩဇာအာဏာအတိုင်းအတာအပေါ်တွင် သက်ရောက်မှုရှိသော အခြေခံအကြောင်းအရာများတွင် ပါဝင်သည်မှာ

– လွှတ်တော်ကိုယ်စားလှယ်များရရှိနိုင်သော သတင်းအချက်အလက်၏ အတိုင်းအတာပမာဏနှင့် လုံခြုံရေးရာ ကိစ္စရပ်များတွင် ၎င်းတို့၏ သိမြင်နားလည်မှုနှင့် အတွေ့အကြုံ။
– ရသုံးမှန်းခြေငွေစာရင်းတွင် အသေးစိတ်အချက်အလက်ကို ဖော်ပြထားမှု၏အဆင့်နှင့် အချက်အလက် များကို သက်ဆိုင်ရာ အပိုင်းသို့ သီးခြားခွဲထုတ်မှု ရှိမရှိ။
– နိုင်ငံတော် စာရင်းစစ် အဖွဲ့ (သို့) ဘဏ္ဍာရေးဝန်ကြီးဌာန အစရှိသော အခြားပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ အာဏာ ရှိသောအဖွဲ့များ၏ လုပ်ရည်ကိုင်ရည် အပါအဝင် ပြည်သူ့ဘဏ္ဍာဆိုင်ရာ စီမံခန့်ခွဲမှု အရည်အသွေး။

မတူညီသောစနစ်များသည် လွှတ်တော်များကို ရသုံးမှန်းခြေငွေစာရင်းအား ကြီးမှူးကွပ်ကဲမှုတွင် မတူညီသော ဩဇာအာဏာ အတိုင်းအတာကိုပေးအပ်ထားပြီး ရသုံးမှန်းခြေငွေစာရင်းကို စစ်ဆေးနိုင်မှု ဩဇာအာဏာတွင် အကန့်အသက်ရှိသော လွှတ်တော် များပင်လျှင် ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည် (ပုံ- ၂ တွင်ကြည့်ပါ)။

**လွှတ်တော်များသည် ရသုံးမှန်းခြေငွေစာရင်းပေါ်တွင်ရှိသော ယင်းတို့၏ဩဇာအာဏာမှတစ်ဆင့် လုံခြုံရေးကဏ္ဍကို တာဝန်ခံမှုနှင့် အကျိုးရှိထိရောက်မှုတို့၏ စံချိန်စံနှုန်း မြင့်မားပြည့်မီစေရန် တောင်းဆိုနိုင်ပါသည်။** ဥပမာအားဖြင့် ရသုံးမှန်းခြေငွေစာရင်းပေါ်ရှိ လွှတ်တော်၏ဩဇာအာဏာသည် အကျင့်ပျက်ခြစားမှုကို တားဆီးနိုင်ပြီး အကျင့်ပျက်ခြစားမှုကြောင့် ယေဘုယျအားဖြင့် ရေရှည် လုပ်ဆောင်ရလေ့ရှိသော လုပ်ငန်းစဉ်ဖြစ်သည့် ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ပစ္စည်းကိရိယာ ဝယ်ယူထောက်ပံ့မှုတွင် ပွင့်လင်းမြင်သာမှုနှင့် အချိန်တိုအတွင်း ထိရောက်မှုတို့ကိုလည်း အားပေးအားမြှောက်ပြု ရာရောက်ပါသည်။ လွှတ်တော်၏ ရသုံးမှန်းခြေငွေစာရင်းတွင် ဩဇာအာဏာရှိမှုကို အသုံးပြု၍ ပို၍လိုက်လျောညီထွေဖြစ်အောင် တုံ့ပြန်ဆောင်ရွက်နိုင်သော၊ ပို၍အားလုံးပါဝင်ခွင့်ရှိသော လုံခြုံရေးစီစဉ်ဆောင်ရွက်မှုကို ရှိလာစေပါသည်။ ဥပမာအားဖြင့် ကျား/မ တန်းတူညီမျှ အခွင့်အရေးရရှိရေးကို ထောက်ခံမြှင့်တင်ပေးသည့် အစီအစဉ်များကို လုံလောက်ပြည့်စုံစွာ ငွေကြေးထောက်ပံ့ပေးရန်၊လူပေါင်းစုံနှင့် အသိုင်းအဝိုင်းပေါင်းစုံ တို့အတွက် ပိုမို၍သာတူညီမျှဖြစ်သော လုံခြုံရေးရရှိမှု ဖြစ်ပေါ်လာ စေရေး တို့ဖြစ်ပါသည်။


6

DCAF SSR BACKGROUNDER | Parliaments

**ပုံ (၂) ရသုံးမှန်းခြေငွေစာရင်းပေါ်ရှိ မတူညီသော ဩဇာအာဏာများသည် လုံခြုံရေးမူဝါဒနှင့် ကြီးကြပ်ကွပ်ကဲရေးတို့အပေါ်တွင် မတူညီသော ဩဇာသက်ရောက်မှု အတိုင်းအတာများကို ဖြစ်စေပါသည်။**

**အတည်ပြုထောက်ခံမှုသာ ပြုလုပ်နိုင်ခြင်း**
ရသုံးမှန်းခြေငွေစာရင်း အဆိုပြုချက်များကိုသာ အတည်ပြုနိုင်ပြီးပယ်ချခွင့် (သို့)ပြောင်းလဲခွင့်မရှိသော လွှတ်တော်များသည်ပင်လျှင် ဘဏ္ဍာငွေများကို ခွဲဝေသတ်မှတ်ပေးထားသည့်ရည်ရွယ်ချက်အတိုင်း သုံးစွဲနေမှုကို စောင့်ကြည့်စစ်ဆေးနိုင်သည်။

**အတည်ပြုထောက်ခံခြင်း (သို့) ပယ်ချခြင်း**
ရသုံးမှန်းခြေငွေစာရင်းကို အတည်ပြုထောက်ခံနိုင်သော (သို့)ပယ်ချနိုင်သော လွှတ်တော်များသည်အစိုး၏ လုံခြုံရေးမူဝါဒများကို သွယ်ဝိုက်သောအားဖြင့် လွှမ်းမိုးနိုင်သော ဩဇာအရှိန်အဝါရှိသည်။

**ပြင်ဆင်ခြင်း**
ရသုံးမှန်းခြေငွေစာရင်းကို ပြင်ဆင်နိုင်သော လွှတ်တော်များသည် လုံခြုံရေးကဏ္ဍကိုတိုက်ရိုက် ဩဇာလွှမ်းမိုးနိုင်သည်။ အချို့လွှတ်တော်များတွင် အပြောင်းအလဲများကို ကြီးကြီးမားမားကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ရန်ပြည့်စုံစေ့စပ်သောဩဇာအာဏာများ ရှိသော်လည်း အခြားသော လွှတ်တော်များတွင်မူ ထိုဩဇာအာဏာသည် သာမန်မျှသာရှိသည်။

**မူကြမ်းရေးဆွဲခြင်း**
နိုင်ငံတော်အုပ်ချုပ်ရေးကဏ္ဍ၏ ရသုံးမှန်းခြေငွေစာရင်းကို တန်ပြန်အဆိုပြုချက်များ ပြုလုပ်ရန်မူကြမ်းရေးဆွဲနိုင်သော ဩဇာအာဏာရှိသည့် (သို့) ရသုံးမှန်းခြေငွေစာရင်း အဆိုပြုချက်များကို စတင်၍ အဆိုပြုနိုင်သည်အထိပင် လုပ်ဆောင်နိုင်သည့် လွှတ်တော်များသည် လုံခြုံရေးမူဝါဒနှင့်ကြီးကြပ် ကွပ်ကဲရေးတို့အပေါ်တွင်အားကောင်းခိုင်မာသောတိုက်ရိုက်အကျိုးသက်ရောက်မှုရှိပါသည်။ ယင်းတို့ထိထိရောက်ရောက် လုပ်ဆောင်နိုင်ရေးအတွက် ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုနှင့်အဖွဲ့အစည်း ဆိုင်ရာ ကူညီထောက်ပံ့မှုတို့ရှိရန် များစွာလိုအပ်ပါသည်။


7

DCAF SSR BACKGROUNDER | Parliaments

## လွှတ်တော်များသည် လုံခြုံရေးကဏ္ဍအား ဒီမိုကရေစီ စံနှုန်းနှင့်အညီဖြစ်သော ကြီးကြပ်စစ်ဆေးမှုကို မည်သို့စီစဉ်ဆောင်ရွက်မည်နည်း။

လွှတ်တော်၏ ကြီးကြပ်ကွပ်ကဲမှုသည် ပြည်သူလူထု၏ သဘောထားအမြင်များကို ကိုယ်စားပြုခြင်းဖြင့် ဒီမိုကရေစီစံနှုန်းအရ တရားဥပဒေနှင့်အညီဖြစ်စေပြီး နိုင်ငံရေးအာဏာပိုင်များနှင့် လုံခြုံရေးအဖွဲ့အစည်းများအား ဥပဒေနှင့်အညီဖြစ်သော အခန်းကဏ္ဍများမှသာ လုပ်ကိုင်ဆောင်ရွက်ရန် ကန့်သတ်ထားသလို နိုင်ငံတော်အာဏာပိုင်များကိုလည်း ဩဇာအာဏာကို အလွဲသုံးစားပြုမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုတို့ မပြုလုပ်ရန် ကာကွယ်တားဆီးမှုတို့ကို အသေအချာလုပ်ဆောင်ပေးပါသည်။

လွှတ်တော်များသည် ဒီမိုကရေစီ စံနှုန်းနှင့်အညီဖြစ်သော ကြီးကြပ်စစ်ဆေးမှုကို စီစဉ်ဆောင်ရွက်ပုံမှာ

- ဥပဒေ လိုက်နာစောင့်ထိန်းမှုကို သေချာခိုင်မာစေခြင်း
- မူဝါဒများနှင့် ဥပဒေများသည် ယင်းတို့၏ ရည်ရွယ်ချက်များကို ပြည့်မီအောင် ဖြည့်ဆည်းနိုင်မှုကို စေ့စေ့စပ်စပ်ကြည့်ရှုစစ်ဆေးခြင်း
- အရင်းအမြစ်များအား အကျိုးရှိစွာ အသုံးချမှုရှိ၊မရှိ စစ်ဆေးခြင်း
- နိုင်ငံတော်နှင့် လူထုလုံခြုံရေး စီစဉ်ဆောင်ရွက်မှု၏ ဦးစားပေး အကြောင်းကိစ္စရပ်များကို အကောင်အထည်ဖော်ခြင်း

လွှတ်တော်များသည် ယင်းတို့၏ဩဇာအာဏာများကို အသုံးပြု၍ လုံခြုံရေးနှင့် သက်ဆိုင်သော ဥပဒေများနှင့် မူဝါဒများကို ထိထိရောက်ရောက် အကောင်အထည် ဖော်ဆောင်ရွက်မှုရှိ၊မရှိနှင့် ရည်ရွယ်ထားသည့် အကျိုးဖြစ်ထွန်းမှုရှိ၊မရှိ စစ်ဆေးနိုင်သည်။ သာမန်မြင်တွေ့နေကျဖြစ်သော လွှတ်တော်၏ ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ ဩဇာအာဏာများကို ပုံ (၃)တွင်ဖော်ပြထားပါသည်။


8

DCAF SSR BACKGROUNDER | Parliaments

### ပုံ (၃) မြင်တွေ့နေကျဖြစ်သော လွှတ်တော်၏ဒီမိုကရေစီစံနှုန်းနှင့်အညီဖြစ်သည့် ကြီးကြပ်စစ်ဆေးမှုဆိုင်ရာ သြဇာအာဏာများ

နိုင်ငံတော်အုပ်ချုပ်ရေးကဏ္ဍတွင် ပါဝင်သူများကို လွှတ်တော်အစည်းအဝေး ကျင်းပချိန်တွင် မေးမြန်းပိုင်ခွင့်နှင့်အစိုးရ၏ မူဝါဒများနှင့် ဆုံးဖြတ်ချက်များ၏ အရည်အသွေးကို အချေအတင်ဆွေးနွေးပိုင်ခွင့်

ဆုံးဖြတ်ချက်ချမှတ်မှု၊ လုပ်ဆောင်မှု(သို့) အရင်းအမြစ်များသုံးစွဲမှုတို့အတွက် လုံခြုံရေးအရာရှိများနှင့် အုပ်ချုပ်ရေးအာဏာပိုင်များကို ကျမ်းသစ္စာကျိန်ဆို၍ ရှင်းလင်းတင်ပြရန် တောင်းဆိုပိုင်ခွင့်

ထိလွယ်ရှလွယ်သော (သို့) သက်ဆိုင်သူသာ သိခွင့်ရှိသည့် လုံခြုံရေးအရ အဆင့်သတ်မှတ်ထားသော တည်နေရာနှင့် သတင်းအချက်အလက်အပါအဝင် လုံခြုံရေးအဖွဲ့အစည်းများ၏ အသေးစိတ်ရှင်းလင်းမှု၊ ညွှန်ကြားမှုပြုလုပ်ရန် စီစဉ်သော အစည်းအဝေးများကို တက်ရောက်သိရှိပိုင်ခွင့်

လုံခြုံရေးပိုင်းဆိုင်ရာ ရာထူးခန့်အပ်မှုများကို သွားရောက်စစ်ဆေးခြင်း၊ သက်သေခံချက်များကို စုဆောင်းခြင်းနှင့် အစိုးရ၏စာရွက်စာတမ်းများ ရုံဖန်ရံခါတွင် လုပ်ငန်းပိုင်းဆိုင်ရာ သတင်းအချက်အလက်တို့ကို ရယူခြင်း၊ စစ်ဆေး ခြင်းတို့အပါအဝင် သက်သေအထောက်အထားများကို စုဆောင်းရယူပိုင်ခွင့်

အုပ်ချုပ်ရေးဆိုင်ရာတွင် ပေါ့ဆည့်ဖျင်းမှု (သို့) အလွဲသုံးစားပြုမှုတို့ရှိသည်ဟု သံသယရှိပါက တရားဝင်မေးမြန်းမှုများ၊ စုံစမ်းစစ်ဆေးမှုများ (သို့) သီးခြားစာရင်းစစ်ဆေးမှုတို့ကို ပြုလုပ်ရန်တောင်းဆိုပိုင်ခွင့်၊ စတင်ဆောင်ရွက်ပိုင်ခွင့် (သို့) ဦးဆောင်လုပ်ကိုင်ပိုင်ခွင့်

တွေ့ရှိချက်များနှင့် အကြံပြုထောက်ခံချက်များကို လူထုအားအသိပေး ဖော်ထုတ်ပိုင်ခွင့် (ထိလွယ်ရှလွယ်သော သတင်းအချက်အလက်များကိုမူ ပေါက်ကြားမှုမရှိစေဘဲ)


9

DCAF SSR BACKGROUNDER | Parliaments

**လွှတ်တော်၏ကြီးကြပ်စစ်ဆေးမှုအတွက်ဖွဲ့စည်းပုံဆိုင်ရာ စီစဉ်ဆောင်ရွက်မှုသည် အသွင်ပုံစံ အမျိုးမျိုးအဖုံဖုံ ရှိပါသည်။** လွှတ်တော်သည် ကြီးကြပ်စစ်ဆေးမှုကို မျက်နာစုံညီ လွှတ်တော်အစည်းအဝေးကျင်းပချိန်များနှင့် ဥပဒေပြုရေး အစရှိသော လွှတ်တော်၏ပုံမှန်လုပ်ငန်းဆောင်တာများ၏ တစ်စိတ်တစ်ဒေသ အဖြစ် စီစဉ်သတ်မှတ်ထားသည်။ သို့သော် ကော်မတီများသည် ယေဘုယျအားဖြင့် လွှတ်တော်၏ ကြီးကြပ်စစ်ဆေးမှု ရည်မှန်းချက် ဖြစ်မြောက်ရေးအတွက် နှစ်မြှုပ်၍လုပ်ဆောင်နေသော အရေးအကြီးဆုံး ဟစ်တိုင်ပင် ဖြစ်ပါသည်။ကော်မတီများသည် လုံခြုံရေးကိစ္စရပ်များ (ဥပမာအားဖြင့် ကာကွယ်ရေးဆိုင်ရာ(သို့) သတင်းထောက်လှမ်းရေး ဆိုင်ရာ ကော်မတီမှတစ်ဆင့်)အပေါ်တွင် (သို့) လုပ်ပိုင်ခွင့်အာဏာ ပိုမိုကြီးမား ကျယ်ပြန့်သော ကော်မတီ၏ ဘောင်အတွင်းမှ (နိုင်ငံခြားရေးရာကိစ္စရပ်များ၊ တရားဥပဒေရေးရာ၊ ဘဏ္ဍာရေး (သို့) လူ့အခွင့်အရေးအစရှိ သော ကော်မတီများ) ကြီးကြပ်စစ်ဆေးမှုကို ပို၍ကျယ်ကျယ်ပြန့်ပြန့် အာရုံစိုက် အလေးပေးကာ ကျင့်သုံးနိုင်ပါသည်။ သီးသန့် ဥပဒေ (သို့) လုံခြုံရေးလုပ်ငန်းတာဝန်ကို ကြီးကြပ်စစ်ဆေးမှုပြုလုပ်ရန် တစ်ခုတည်းအတွက် ဖွဲ့စည်းတာဝန်ပေးအပ်ထားခြင်းခံရသည့်ကော်မတီများရှိပါသည်။(လက်နက်ကိုင် တပ်ဖွဲ့များဆိုင်ရာ (သို့) ထောက်လှမ်းရေးဆိုင်ရာ ကြီးကြပ်စစ်ဆေးမှုအတွက် ကော်မတီများ အစရှိသည်တို့ဖြစ်သည်။)

**လွှတ်တော်၏ ကြီးကြပ်စစ်ဆေးမှုအတွက် ဖွဲ့စည်းပုံဆိုင်ရာ စီစဉ်ဆောင်ရွက်မှုသည် အထူးကိစ္စများ အတွက် သာလုပ်ဆောင်ရန်ဖြစ်နိုင်သလို (သို့) အမြဲတစေလုပ်ဆောင်ရန် အတွက်လည်းဖြစ်နိုင်ပါသည်။** ဥပမာ အားဖြင့် အခြေအနေတစ်ခုချင်းစီအရ ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်နှင့် ဆက်စပ်၍ သီးခြားအကြောင်းကိစ္စ (သို့) ဥပဒေကိုစုံစမ်းစစ်ဆေးရန် သီးသန့် လုပ်ပိုင်ခွင့် အာဏာရှိသော ယာယီကော်မတီအဖြစ် ဖွဲ့စည်းခြင်း ဖြစ်နိုင်သလို (သို့) အထူးကျွမ်းကျင်သူအကူအညီအထောက်အပံ့ပေးသည့် ကောင်းစွာတိုးတက်ဖွံ့ဖြိုးသောစနစ်နှင့်ကျယ်ပြန့်သောဥပဒေရေးရာ ဩဇာ အာဏာရှိသော အမြဲတမ်းကော်မတီအဖြစ် ဖွဲ့စည်းခြင်းလည်း ဖြစ်နိုင်ပါ သည်။ အရေးကြီးသောဆုံးဖြတ်ချက်များကို မဆုံးဖြတ်ခင်တွင်ဖြစ်စေ (သို့) ဆုံးဖြတ်ပြီး သည့်အခါတွင်ဖြစ်စေ၊ ထို့အတူ အချို့သောကိစ္စရပ်များ၌ လုပ်ငန်းဆောင်ရွက် နေစဉ်အတောအတွင်း လုံခြုံရေးဆိုင်ရာမူဝါဒအား ကြီးကြပ် စစ်ဆေးမှု ပြုနိုင် သည်။ ဥပမာအားဖြင့်-

- အချို့သော ဆုံးဖြတ်ချက်များကို မဆုံးဖြတ်မီ လွှတ်တော်၏ သဘောတူအတည်ပြုမှုကို ရယူရန်လိုအပ်သောအခါတွင် ကြီးကြပ်စစ်ဆေးမှုကိုပြုလုပ်နိုင်သည်။ ဥပမာအားဖြင့်စစ်ကြေညာခြင်းများ၊ စစ်တပ်၏ တပ်ဖွဲ့များကို ဖြန့်ကြက်နေရာချထားခြင်း(သို့) အဆင့်မြင့်အရာရှိများ ခန့်အပ်ခြင်းတို့ကို တရားဝင်ခွင့်ပြုရန် ယေဘုယျအားဖြင့် လွှတ်တော်၏ သဘောတူအတည်ပြုမှု ရရှိရန်လိုအပ်ပြီး သဘောတူအတည်ပြုမှု လုပ်ငန်းစဉ်သည် ဆုံးဖြတ်ချက်၏ အရည်အသွေးနှင့် ပတ်သက်၍ အခြေအတင်ဆွေးနွေးမှုများကို အစပျိုးပေးနိုင်ပါသည်။
- မူဝါဒတစ်ရပ်ကို မည်ကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို စောင့်ကြည့်စစ်ဆေးခြင်း (သို့) အချို့သောအခြေအနေများတွင် နောက်ကြောင်းပြန် သက်ရောက်မှုရှိနိုင်သော အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ကို ပယ်ဖျက်ခြင်းတို့တွင် ကြီးကြပ်စစ်ဆေးမှုကို ပြုလုပ်နိုင်ပါသည်။ ဥပမာ အားဖြင့် အုပ်ချုပ်ရေးတာဝန်ရှိသူတစ်ဦးက နိုင်ငံတကာဆိုင်ရာ သဘောတူညီမှုတစ်ရပ်ကို လိုက်နာရန် ဆုံးဖြတ်ချက်ချတော့မည်ဆိုပါက ထိုဆုံးဖြတ်ချက်ကိုထောက်ခံမှုပေးရန် လွှတ်တော်၏ သဘော တူညီမှုကိုရယူရန် လိုအပ်မည်ဖြစ်သည်။

**လွှတ်တော်များသည် ယင်းတို့၏ ကြီးကြပ်စစ်ဆေးမှုကဏ္ဍကို ပြုလုပ်ဆောင်ရွက်ရာတွင် လွတ်လပ်သော အထူးကြီးကြပ်စစ်ဆေးသည့် အဖွဲ့များနှင့် လူမှုအဖွဲ့အစည်းများကို မေတ္တာရပ်ခံတောင်းဆိုမှုများ ပြုလုပ်နိုင်ပါသည်။**

- လုံခြုံရေးကဏ္ဍအား ကြီးကြပ်စစ်ဆေးရာတွင် ဥပဒေအရပြဌာန်းထားသော အခန်းကဏ္ဍတွင်ပါဝင်သည့် လွတ်လပ်သော အထူးကြီးကြပ်စစ်ဆေးသည့် အဖွဲ့များဖြစ်သည့် စာရင်းစစ်ချုပ်၊ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး ကော်မတီ (သို့) အခြားသောအဖွဲ့များအကြားတွင် အစိုးရဌာနများအပေါ် မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် အစိုးရကဖွဲ့စည်းထားသောအဖွဲ့ အစရှိသည်တို့သည် ထင်မြင်ချက်များ၊ သတင်းအချက်အလက်နှင့် ပွင့်လင်းမြင်သာရှိစေရေးတို့ကို ဖြည့်ဆည်းပံ့ပိုး လုပ်ဆောင်ခြင်းဖြင့် ကြီးကြပ် စစ်ဆေးရာတွင် လွှတ်တော်ကို ပံ့ပိုးကူညီနိုင်ပါသည်။
- လူမှုအဖွဲ့အစည်းသည် အမျိုးသမီးများအဖွဲ့အစည်းများ အစရှိသော ဆုံးဖြတ်ချက်ချမှတ်ရာတွင် လုံလောက်သောကိုယ်စားပြုမှု မရရှိသောအုပ်စုအဖွဲ့များ၏ အသံများကို ဖော်ထုတ်ပေးခြင်းဖြင့် လုံခြုံရေးဆိုင်ရာမူဝါဒ၊ လုံခြုံရေးစီစဉ်ဆောင်ရွက်ပေးမှုနှင့် ကြီးကြပ်စစ်ဆေးမှုကို ပို၍လိုက်လျောညီထွေ တုံ့ပြန်ဆောင်ရွက်နိုင်ပြီး ပို၍တရားဥပဒေနှင့်အညီ ဖြစ်လာစေပါသည်။

**မည်သည့် ဖွဲ့စည်းပုံဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ(သို့) ဩဇာအာဏာများသည်မျှ ဒီမိုကရေစီဝါဒကို အခြေခံသော တာဝန်ခံယူမှုနှင့် ကောင်းမွန်သော လုံခြုံရေးကဏ္ဍအားအုပ်ချုပ်မှုတို့နှင့် တွဲဖက်မကျင့်သုံးနိုင် သလောက်ဖြစ်သည်ကို** မှတ်သားထားရန်မှာ အရေးကြီးလှပါသည်။ **အရေးကြီးသည်မှာ စနစ်တစ်ခု လုံးသည် တာဝန်ယူဖြေရှင်းတတ်သော၊ ပွင့်လင်းမြင်သာမှုရှိသော၊ ဆုံးဖြတ်ချက်ချရာတွင် ပူးပေါင်းပါဝင်ခွင့် ရှိသော၊ လိုက်လျောညီထွေ တုံ့ပြန်နိုင်သော၊ ထိရောက်သော၊ အကျိုးရှိသော၊ လူ့အခွင့်အရေးကို လေးစားလိုက်နာသော၊ တရားဥပဒေစိုးမိုးမှုရှိသော ပုံစံဖြင့်လည်ပတ်လုပ်ဆောင်ရန်ပင်ဖြစ်သည်။**


10

DCAF SSR BACKGROUNDER | Parliaments

## လွှတ်တော်များသည် ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုရှိစေရန် ပံ့ပိုးလုပ်ဆောင်ရာတွင် မည်သည့် ကန့်သတ်ချုပ်ချယ်မှုများကို ရင်ဆိုင်ရပါသနည်း။

**ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် ကောင်းမွန်သောလုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုတွင် လွှတ်တော်၏ အခန်းကဏ္ဍကို တိုးတက်ကောင်းမွန်လာအောင် ပိုမို၍လုပ်ဆောင်လာပြီဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် လုံခြုံရေးတွင် ပြောင်းလဲမှုပြုလုပ်ရန်လိုအပ်သလို စနစ်တိုင်းတွင်လည်း အစဉ်အမြဲ ပြုပြင်ထိန်းသိမ်းမှု ပြုလုပ်ရန်လိုအပ်သည်။**

ယေဘုယျအားဖြင့် တွေ့မြင်နေကျဖြစ်သော ပြဿနာအတော်များများသည် လွှတ်တော်များကို ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုရှိစေရေး အတွက်ဖြည်းဆည်းပံ့ပိုးရာတွင် အတားအဆီးဖြစ်စေပါသည်။

**တရားဥပဒေနှင့်အညီဖြစ်မှုကို ကန့်သတ်ချုပ်ချယ်မှုများ**

လွှတ်တော်များသည် လူထု၏ တရားဝင်ကိုယ်စားလှယ်များမဖြစ်သရွေ့ ဒီမိုကရေစီနည်းကျ တရားဥပဒေနှင့် အညီ ဖြစ်အောင် စီစဉ်ဆောင်ရွက်၍မရပါ။ လွှတ်တော်တိုင်းတွင် အချို့သော အစုအဖွဲ့များကို တမင်တကာပင် လုံလောက်သောကိုယ်စားပြုမှုမရရှိအောင် ပြုလုပ်ထားပြီး (ယေဘုယျအားဖြင့် ကျား/မ ဖြစ်တည်မှု၊ တိုင်းရင်းသားမျိုးနွယ်စု (သို့) ကိုးကွယ်သည့်ဘာသာ တို့ကို အခြေခံ၍) ဤကဲ့သို့ပြုလုပ်ထားခြင်းသည် လွှတ်တော်က ချမှတ်လိုက်သော ဆုံးဖြတ်ချက်များ၏ တရားဥပဒေနှင့်အညီဖြစ်မှုကို သေးသိမ်လျော့နည်းသွားစေပြီး အခြားသောသူများ အသာရရှိရေးအတွက် အချို့သော အမြင်ရှုထောင့်များကို တမင်တကာ လျစ်လျူရှုထားပြီး ဘက်လိုက်မှုရှိသော ဆုံးဖြတ်ချက်ချခြင်းမှတစ်ဆင့် ယင်းတို့၏ ထိရောက်မှုကို လျော့နည်းသွားစေပါသည်။

**နိုင်ငံရေးဆိုင်ရာ ကန့်သတ်ချုပ်ချယ်မှုများ**

လွှတ်တော်များသည် ထိရောက်မှုရှိသော ဒီမိုကရေစီနည်းကျသည့် ကိုယ်စားပြုမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းကို လုပ်ဆောင်သည့်အခါတွင် တစ်ခါတစ်ရံ၌ အစိုးရများ(သို့)နိုင်ငံရေးပါတီများ၏ ကျဉ်းမြောင်းသော နိုင်ငံရေးဆိုင်ရာ အကျိုးစီးပွားများကြောင့် အတားအဆီးခံရနိုင်ပါသည်။ ဤပြဿနာသည် ဒီမိုကရေစီကို လက်တွေ့ကျင့်သုံးနေသော နိုင်ငံများ အပါအဝင် နိုင်ငံအားလုံးတွင်ဖြစ်ပွားနေပြီး အထူးသဖြင့် တစ်ဦးတစ်ယောက်တည်း၏ သြဇာဖြင့်အုပ်ချုပ်သော အစိုးရများလက်အောက်တွင် သိသိသာသာ ပင်ဖြစ်ပွားနေပါသည်။ ဥပဒေပြုလွှတ်တော်များသည် လူထုလုံခြုံရေးဆိုင်ရာ အကျိုးစီးပွားအတွက် ယင်းတို့၏ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ သြဇာ အာဏာများကို အသုံးပြု၍ အစိုးရ၏မူဝါဒကို စမ်းသပ်စစ်ဆေးမှု မပြုလုပ်လျှင် ဒီမိုကရေစီနည်းကျ တရား ဥပဒေနှင့်အညီဖြစ်မှုကို တုပထားသော မေးမှိန်အားနည်းသည့် အတုအယောင် အဖြစ်သာရှိပြီး ဖိနှိပ်ချုပ်ချယ်သော၊ ပူးပေါင်းပါဝင်ခွင့်မရှိသော၊ ပွင့်လင်းမြင်သာမှုမရှိသော အစိုးရ၏ ဆုံးဖြတ်ချက်များကို သင့်လျော်ကောင်း မွန်မှုရှိ၊မရှိ မဆုံးဖြတ်ပဲ လိုက်လျောခွင့်ပြုနေသည့် ဥပဒေပြုအဖွဲ့အစည်း ဖြစ်နေမည်ဖြစ်သည်။

**လုပ်ပိုင်ခွင့်အာဏာဆိုင်ရာ ကန့်သတ်ချုပ်ချယ်မှုများ**

ဒီမိုကရေစီဝါဒကိုအခြေခံသောစနစ်များတွင်ပင် လွှတ်တော်များသည် ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုကို ပံ့ပိုးဖြည့်ဆည်းပေးရန် ဥပဒေအရဖြစ်စေ (သို့) လုပ်ထုံးလုပ်နည်းအရဖြစ်စေ ယင်းတို့တွင် ထိုကဲ့သို့ လုပ်ဆောင်ပေးရန် လုံလောက်သော တရားဝင်လုပ်ပိုင်ခွင့်အာဏာ မရှိသောကြောင့် မစွမ်းဆောင်နိုင်သည်များ လည်းရှိနိုင်ပါသည်။ ဥပမာအားဖြင့် ဥပဒေရေးရာမူဘောင်သည် ဗိုလ်ကျစိုးမိုးသော စီမံအုပ်ချုပ်သူများကို မျက်နှာသာပေးနေခြင်း (သို့) သတင်းအချက်အလက် ရယူပိုင်ခွင့်ကို အဟန့်အတားဖြစ်စေခြင်းတို့ကိုဖြစ်စေပြီး အစိုးရနှင့် နိုင်ငံရေး လုပ်ထုံးလုပ်နည်းများသည်လည်း အခြားသောအစုအဖွဲ့များအတွက် အကျိုးအမြတ်များရရှိအောင် ဖန်တီးလုပ်ဆောင်ပေးမှုများရှိနိုင်ပါသည်။ ဥပမာအားဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ဆောင်မှုများတွင် ခွဲခြားဆက်ဆံမှုများပြုလုပ်ခြင်း။

**ဖွဲ့စည်းပုံဆိုင်ရာ ကန့်သတ်ချုပ်ချယ်မှုများ**

နိုင်ငံရေးဆိုင်ရာနှင့် ဥပဒေပြုရေးဆိုင်ရာ စနစ်များသည် လွှတ်တော်ကို လုံလောက်သော လုပ်ပိုင်ခွင့်အာဏာ ရရှိစေသော်လည်း ဖွဲ့စည်းပုံဆိုင်ရာ တောင့်တင်းကြံ့ခိုင်မှုမရှိမှုများကြောင့် လွှတ်တော်၏ ကြီးကြပ်စစ်ဆေးမှုကို ထိထိရောက်ရောက်လုပ်ဆောင်ခြင်းမှ အဟန့်အတား ဖြစ်စေပါသည်။ ဥပမာအားဖြင့် ကော်မတီ၏ နည်းစနစ် များကိုလွဲမှားစွာလုပ်ဆောင်နေခြင်း (သို့) ဥပဒေပြုလွှတ်တော်၏ နည်းဥပဒေများနှင့် စည်းကမ်းသတ်မှတ် ချက်များကို လုံခြုံရေးကဏ္ဍ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုရှိ ကောင်းမွန်သောအုပ်ချုပ်မှု၏ အခြေခံသဘောတရား များတွင် ကျင့်သုံးရန် အစာထိုးပြောင်းလဲမှုမရှိခြင်း။ ဥပမာအားဖြင့် အမျိုးသမီးများ အပြည့်အဝ ပါဝင်ခွင့်အပေါ်တွင်ရှိသော တရားဝင် (သို့) အလွတ်သဘောဆိုင်ရာ အတားအဆီးများသည် လွှတ်တော်၏ ထိရောက်မှုအပေါ်တွင် ကန့်သတ်ချုပ်ချယ်မှုများကို ဖြစ်ပေါ်စေပါသည်။

**လုပ်ဆောင်နိုင်မှုစွမ်းရည်ဆိုင်ရာ ကန့်သတ်ချက်များ**

လွှတ်တော်၏ ကြီးကြပ်စစ်ဆေးမှုအတွက် ကောင်းစွာစီမံပုံဖော်ထားသော ဖွဲ့စည်းပုံဆိုင်ရာ မူဘောင်များရှိသော နိုင်ငံရေးဆိုင်ရာနှင့် ဥပဒေပြုရေးဆိုင်ရာ စနစ်များ၌ပင်လျှင် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်း၏ (သို့) အဖွဲ့အစည်း ဆိုင်ရာ လုပ်ဆောင်နိုင်မှုစွမ်းရည် မရှိခြင်းသည် လွှတ်တော်ဆိုင်ရာ ကြီးကြပ်စစ်ဆေးမှု၏ ထိရောက်မှုအတွက် အဓိကကျသော စိန်ခေါ်မှု ကိုဖြစ်ပေါ်စေပါသည်။ ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုအတွက် လူ့စွမ်းအားနှင့် ဥစ္စာအရင်းအမြစ်များကို လိုအပ်ပါသည်။

**ထိုစိန်ခေါ်မှုများကို ကျော်ဖြတ်၍ လွှတ်တော်များသည် ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုတွင် ယင်းတို့အစွမ်းကုန် အထောက်အပံ့ပေးနိုင်စေခြင်းသည် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲမှု၏ အရေးကြီးသောလက္ခဏာတစ်ရပ် ဖြစ်ပါသည်။** ဤအကြောင်းရင်းကြောင့်ပင် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲမှုသည် ယေဘုယျအားဖြင့် လွှတ်တော်၏တာဝန်ဖြစ်သော လုံခြုံရေးကဏ္ဍစီမံခန့်ခွဲမှုနှင့် ကြီးကြပ်စစ်ဆေးမှုအား ပိုမို၍တာဝန်ခံယူပြီး ပိုမို၍ထိထိရောက်ရောက်ရှိရေး ပြုလုပ်နိုင်ရန် အတွက် လွှတ်တော်၏လုပ်ဆောင်နိုင်မှု စွမ်းရည်များကို တိုးတက်ကောင်းမွန်လာစေရန် အလေးပေးလုပ်ဆောင်ပါသည်။


11

DCAF SSR BACKGROUNDER | Parliaments

### လွှတ်တော်များသည် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် မည်သို့ကူညီပံ့ပိုးနိုင်ပါသနည်း။

**ကောင်းမွန်သော လုံခြုံရေးကဏ္ဍအားအုပ်ချုပ်မှုတွင် ဥပဒေပြုလွှတ်တော်များ၏ အခန်းကဏ္ဍများကို တိုးတက်ပြောင်းလဲလာရေး လုပ်ဆောင်ခြင်းကိုယ်၌ကပင် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး၏ လုပ်ငန်းဆောင်တာပင်ဖြစ်သည်။ လွှတ်တော်များကိုယ်၌ကပင် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် အရေးကြီးသော ပါဝင်ဆောင်ရွက်သူများဖြစ်ကြသည်။**
လွှတ်တော်များအနေဖြင့် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေးကို ကူညီထောက်ပံ့ရာတွင် အောက်ဖော်ပြပါဥပမာများအပါအဝင် နည်းလမ်းအများအပြားရှိပါသည်။

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရကိုယ်တိုင် တာဝန်ယူလုပ်ဆောင်မှု (National Ownership) ကို ခိုင်မာနက်ရှိုင်းစေခြင်း**
လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေးတွင် အားကောင်းခိုင်မာသော နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရကိုယ်တိုင် တာဝန်ယူလုပ်ဆောင်မှုကိုလိုအပ်ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရကိုယ်တိုင် တာဝန်ယူလုပ်ဆောင်မှုဟူသည်မှာ နိုင်ငံတော်အုပ်ချုပ်မှု ကဏ္ဍတွင်ပါဝင်သူများသည် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်မှု နည်းလမ်းများကို ပြုလုပ်ဖန်တီးရာတွင် အဓိကကျသော အခန်းကဏ္ဍမှပါဝင်လုပ်ဆောင်ခြင်းပင်ဖြစ်သည်။ ရွေးချယ်လိုက်သော လုပ်ကိုင် ဆောင်ရွက်မှုနည်းလမ်းအတွက် ပိုမို၍တာဝန်ယူမှုရှိရေး၊ ပွင့်လင်းမြင်သာဖြစ်ရေးနှင့် ဒီမိုကရေစီနည်းကျ တရားဥပဒေနှင့်အညီဖြစ်ရေးတို့ကို တောင်းဆိုရန်အလို့ငှာ လွှတ်တော်များသည် လုံခြုံရေးကဏ္ဍအား ပြုပြင် ပြောင်းလဲရေးအတွက် စီမံအုပ်ချုပ်မှုဆိုင်ရာ မူဝါဒများနှင့် နိုင်ငံရပ်ခြားမှ ဆက်စပ်လုပ်ကိုင်သူများနှင့် ပတ်သတ်ဆက်နွယ်မှုတို့ကို ဆန်းစစ်သုံးသပ်နိုင်ပါသည်။

**လုံခြုံရေးအတွက် အမျိုးသားရေး ရည်မှန်းချက်တစ်ရပ်ကို ဖော်ဆောင်ခြင်း**
နိုင်ငံနှင့် လူထု လုံခြုံမှုရှိရေးအတွက် ထားရှိသော ရည်မှန်းချက်အရ လုံခြုံရေး စီစဉ်ဆောင်ရွက်ပေးမှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်စစ်ဆေးမှုတို့ တိုးတက်ကောင်းမွန်ရေးအတွက် လုပ်ဆောင်ရန်မှာ လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲမှုတွင် ပါဝင်ပါသည်။ နိုင်ငံနှင့်လူထု လုံခြုံမှုရှိရေးအတွက် အမျိုးသားရေး ရည်မှန်းချက် တစ်ရပ်ကို ဖော်ဆောင်ရာတွင် ဒီမိုကရေစီနည်းကျ တရားဥပဒေနှင့်အညီဖြစ်စေရန် လွှတ်တော်က လုပ်ဆောင် ပေးနိုင်ပြီး လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ် အနေဖြင့် ၎င်းကို ဖြစ်မြောက်အောင်စွမ်းဆောင်ရန် လိုအပ်သည်။

**ကောင်းမွန်သောဥပဒေနှင့်အညီဖြစ်သည့် မူဘောင်များကို အကောင်အထည်ဖော်ခြင်း**
လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲမှုတွင် လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများကို ကောင်းမွန်သော ဥပဒေနှင့်အညီဖြစ်သည့် မူဘောင်အတွင်းမှ လုပ်ဆောင်စေရန် လိုအပ်ပါသည်။ လွှတ်တော်များသည် ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုကို ကူညီပံ့ပိုးရန် လုံခြုံရေးအခန်းကဏ္ဍတွင် ပါဝင်လုပ်ဆောင်သူများအတွက် ဥပဒေနှင့်အညီဖြစ်သော မူဘောင်များကို ဖန်တီးရေးဆွဲခြင်း (သို့) တိုးတက်ကောင်းမွန်အောင်ပြုလုပ်ခြင်းတို့ကို လုပ်ဆောင်နိုင်ပါသည်။

**ပိုမို၍ ပူးပေါင်းပါဝင်ခွင့်ရှိပြီး ပိုမို၍ လိုက်လျောညီထွေ တုံ့ပြန်နိုင်သော လုပ်ကိုင်ဆောင်ရွက်မှုနည်းလမ်းများကို ပြဋ္ဌာန်းသတ်မှတ်ပေးခြင်း**
လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲမှုတွင် ဆုံးဖြတ်ချက်ချမှတ်ရာ၌ တမင်တကာပင် လုံလောက်သော ကိုယ်စားပြုမှုမရရှိအောင် ပြုလုပ်ထားခြင်း ခံရသူများအပါအဝင် အားလုံးသော အမျိုးသမီးများ၊ အမျိုးသားများ၊ မိန်းကလေးများနှင့် ယောက်ျားလေးများ၏ လိုအပ်ချက်များကို ထင်ဟပ်၍ ပူးပေါင်းပါဝင်ခွင့်ရှိသည့် အောက်ခြေ ကျယ်ပြန့်သော လုပ်ငန်းစဉ်ကို လိုအပ်ပါသည်။ လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တွင် လွှတ်တော်၏ပါဝင်မှုသည် လုပ်ငန်းစဉ်ကို အားလုံး၏လိုအပ်ချက်များနှင့် အညီဖြစ်စေကာ ပိုမို၍လိုက်လျောညီထွေစွာဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်စေပြီး ဆုံးဖြတ်ချက်ချရာတွင် ပိုမို၍ပူးပေါင်းပါဝင်ခွင့်ရှိစေပါသည်။

**ပိုမိုကောင်းမွန်သော ပြည်သူ့ဘဏ္ဍာရေးရာ စီမံခန့်ခွဲမှုကို အခိုင်အမာရှိစေခြင်း**
လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲမှုတွင် အရင်းအမြစ်များကို အဓိကကျသော ပြန်လည်ခွဲဝေမှုများ ပြုလုပ်ခြင်းပါဝင်ပါသည်။ ရသုံးမှန်းခြေငွေစာရင်းကို ခွဲဝေသတ်မှတ်ခြင်းနှင့် ကြီးကြပ်စစ်ဆေးမှုတွင် လွှတ်တော်၏အခန်းကဏ္ဍသည် ထိရောက်သောအရင်းအနှီးစီမံမှု၊ ပွင့်လင်းမြင်သာရှိမှုနှင့် လုပ်ငန်းစဉ်အပေါ် ပြည်သူ့ထောက်ခံအားပေးမှု တို့ကိုအလေးပေးသော ဆောင်ရွက်မှုပုံစံဖြင့် ထိုလုပ်ငန်းစဉ်၏ အကျိုးရှိမှု၊ ထိရောက်မှုနှင့် တာဝန်ခံမှုတို့ကို အသေအချာ တိုးတက်ကောင်းမွန်စေရန်ဖြစ်သည်။

**ဝန်ဆောင်မှုပေးသည့် ဓလေ့ထုံးစံကို အားပေးအားမြှောက်ပြုခြင်း**
လုံခြုံရေးအခန်းကဏ္ဍအတွင်းတွင် ပြည်သူလူထုအား ဝန်ဆောင်မှုပေးသော ဓလေ့ထုံးစံသို့ ကူးပြောင်းရန် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲမှုတွင် လိုအပ်ပါသည်။ လွှတ်တော်သည် ထိုကဲ့သို့ ပြည်သူအား ဝန်ဆောင်မှုပေးခြင်းသို့ ကူးပြောင်းမှုကို ထောက်ခံအားပေးပြီး ခိုင်မာအားကောင်းလာစေရန် လုံခြုံရေး စီမံဆောင်ရွက်မှုကို စိစစ်စစ်ဆေးရာတွင် ပြည်သူလူထုအား အသိပေးလုပ်ဆောင်ပြီး ကြီးကြပ်စစ်ဆေးရာတွင် ပါဝင်လုပ်ဆောင်သူအနေဖြင့် ယင်း၏အခန်းကဏ္ဍကို တက်တက်ကြွကြွလုပ်ဆောင်ရမည်ဖြစ်သည်။


12

DCAF SSR BACKGROUNDER | Parliaments

## ဆက်လက်၍ မှီငြမ်းလေ့လာဖွယ်ရာ အရင်းအမြစ်များ

*ကောင်းမွန်သောလုံခြုံရေးကဏ္ဍအားအုပ်ချုပ်မှုတွင် လွှတ်တော်များ၏ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများ အတွက် ပိုမို၍ပြည့်ပြည့်စုံစုံ စတင်ဆောင်ရွက်နိုင်ရန်*

– Hans Born and Marc Bentinck
Parliamentary Oversight of the Security Sector
(Brussels: European Parliament-OPPD, 2013).

– Teodora Fuior
Parliamentary Powers in Security Sector Governance
(Geneva: DCAF, 2011).

*လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရေးရာအမှုထမ်းများအတွက် လက်တွေ့ကျင့်သုံးနိုင်သော လမ်းညွှန်ချက်*

– Hans Born, Philipp Fluri and Anders Johnsson (eds)
Parliamentary Oversight of the Security Sector: Principles, Mechanisms and Practices
Handbook For Parliamentarians 5
(Geneva: DCAF, 2003). ဤပုံနှိပ်ထုတ်ဝေထားသည့် အကြောင်းအရာကို အင်္ဂလိပ်ဘာသာစကားအပြင် အခြားသော ဘာသာစကား (၃၇)မျိုးဖြင့်လည်း www.dcaf.ch တွင်ရယူလေ့လာနိုင်ပါသည်။

– DCAF's Parliamentary Staff Assistance Programme Training Toolkit for Parliamentary Staffers (Geneva: DCAF, 2012).

– Hans Born, Jean-Jacques Gacond and Boubacar N'Diaye (eds)
Parliamentary Oversight of the Security Sector: ECOWAS Parliament-DCAF Guide for West African Parliamentarians
(Geneva: DCAF, ECOWAS Parliament, 2011).

– Ilja Luciak
Tool 7: Parliamentary Oversight of the Security Sector and Gender
in Gender and Security Sector Reform Toolkit, Megan Bastick and Kristin Valasek (eds)
(Geneva: DCAF, OSCE/ODIHR, UN-INSTRAW, 2008).

– Hans Born, Ian Leigh
Making Intelligence Accountable: Legal Standards and Best Practice for Oversight of Intelligence Agencies (Geneva: DCAF, University of Durham, Parliament of Norway 2005).

## နောက်ထပ် DCAF ၏လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေးဆိုင်ရာ မှီငြမ်းလေ့လာဖွယ်ရာ အရင်းအမြစ်များ

– DCAF သည်လုံခြုံရေးကဏ္ဍအားပြုပြင်ပြောင်းလဲမှုနှင့် ကောင်းမွန်သော လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုတို့ကို ရှုထောင့်ပေါင်းစုံမှ ဆင်ခြင်သုံးသပ်၍ ကျယ်ပြန့်နံ့စပ်ကာ အမျိုးအစား စုံလင်လှသည့် နည်းပညာများ၊ လက်စွဲစာအုပ်များ၊ လမ်းညွှန်ချက်များတို့ကို ပုံနှိပ်ထုတ်ဝေထားကာ **www.dcaf.ch** တွင်အခမဲ့ ရယူလေ့လာနိုင်ပါသည်။ မှီငြမ်းလေ့လာဖွယ်ရာ အရင်းအမြစ်အများအပြားကို အင်္ဂလိပ်ဘာသာစကားအပြင် အခြားသော ဘာသာစကားများဖြင့်လည်း ရယူလေ့လာနိုင်ပါသည်။

- DECAF-ISSAT Community of Practice website ဖြစ်သည့် http://issat.dcaf.ch တွင်လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေးကို လက်တွေ့ကျင့်သုံးနေသူများအတွက် စုံလင်လှသော မှီငြမ်းလေ့လာဖွယ်ရာ အရင်းအမြစ်များကို ရယူလေ့လာနိုင်ပါသည်။



13

**Geneva Centre for the Democratic Control of Armed Forces (DCAF)** သည် ကမ္ဘာအရပ်ရပ်ရှိနိုင်ငံများကို ကောင်းမွန်သောအုပ်ချုပ်မှုကို လက်ကိုင်ပြုလုပ်ဆောင်ရွက်ရေးနှင့် လုံခြုံရေး ကဏ္ဍအား ပြုပြင်ပြောင်းလဲရေးတို့ကို ကူညီပံ့ပိုးရန် ရည်ရွယ်သော နိုင်ငံတကာ အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။ DCAF သည် သတ်မှတ်ချက်များနှင့် စံချိန်စံနှုန်း များကို ဖန်တီးပြုလုပ်ခြင်းနှင့် မြှင့်တင်ပေးခြင်း၊ လိုအပ်ချက်နှင့် ကိုက်ညီမှု ရှိသော မူဝါဒများဖြစ်ပေါ်လာရေး အတွက် သုတေသနပြုခြင်း၊ ဒီမိုကရေစီစံနှုန်းနှင့် အညီဖြစ်သော လုံခြုံရေးကဏ္ဍအား စီမံအုပ်ချုပ်မှုကို အထောက်အကူပြုရန်အတွက် ကောင်းမွန်သော အလေ့အကျင့်များနှင့် အကြံပြုချက်များကို ခွဲခြားရွေးထုတ်ပေးခြင်းနှင့် နိုင်ငံအတွင်းသို့သွားရောက်၍ အကြံပြုချက်ပေးခြင်းဖြင့် ကူညီထောက်ပံ့ခြင်းနှင့် လက်တွေ့အသုံးချမှုအတွက် ကူညီထောက်ပံ့မှုဆိုင်ရာ အစီအစဉ်များကို စီစဉ်လုပ်ဆောင်ပေးခြင်းတို့ကို လုပ်ဆောင်ပါသည်။


ထုတ်လုပ်မှုနှင့် ဒီဇိုင်းပုံစံအတွက် လုပ်ဆောင်ပေးသော Petra Gurtner
အင်္ဂလိပ်ဘာသာဖြင့်ပုံနှိပ်ထုတ်ဝေမည့် ရေးသားထားမှုကို တည်းဖြတ်ပေးသော
Cherry Ekins
ပြင်သစ်ဘာသာဖြင့်ပုံနှိပ်ထုတ်ဝေမည့် ရေးသားထားမှုကို တည်းဖြတ်မှုပေးသော
Lynda Chenaf
ပြင်သစ်ဘာသာသို့ဘာသာပြန်ဆိုပေးသော Linda Machata နှင့်
App ရေးဆွဲဖန်တီးပေးသော Fernando Colaco တို့အား **DCAF မှကျေးဇူးတင်ရှိပါသည်။**

**အကြောင်းအရာစဉ်ကိုတည်းဖြတ်သူ**
Fairlie Chappuis

**ဤပုံနှိပ်ထုတ်ဝေမှုကို အကိုးအကားပြုလုပ်ရန်**
Geneva Centre for the Democratic Control of Armed Forces, “Parliaments”, SSR Backgrounder Series (Geneva: DCAF, 2015)



© DCAF ၊ လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး နောက်ခံသမိုင်းအကျဉ်းချုပ်များကို www.dcaf.ch တွင်အခမဲ့ရယူနိုင်ပါသည်။ ရယူအသုံးပြုသူများသည် ဤအချက်အလက်ကို မိတ္တူပွားဖြန့်နိုင်သော်လည်း DCAF မှရရှိကြောင်းကို အသိအမှတ်ပြုဖော်ပြရမည်ဖြစ်သည်။ အကျိုးစီးပွားရှာရန်အတွက် အသုံးချမှုမပြုရ။

"The original version of the Security Sector Reform (SSR) Backgrounder was published by the Geneva Centre for the Democratic Control of Armed Forces (DCAF). The present work is an unofficial translation for which the International Management Group accepts full responsibility.

The reproduction of the Myanmar version of SSR Backgrounder has been produced with the assistance of the European Union. The contents of this publication are the sole responsibility of DCAF and do not necessarily reflect the views of the European Union".

လုံခြုံရေးကဏ္ဍအားပြုပြင်ပြောင်းလဲရေးနောက်ခံသမိုင်းအကျဉ်းချုပ်၏ မူရင်းကို လက်နက်ကိုင် တပ်ဖွဲ့များအား ဒီမိုကရေစီ နည်းကျထိန်းချုပ်ရေး (DCAF) ဂျီနီဗာစင်တာမှ ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ယခုလက်ရှိ လုပ်ဆောင်ချက်သည် အလွတ်သဘောအရ ဘာသာပြန်ဆိုထားပြီး နိုင်ငံတကာ စီမံခန့်ခွဲသည့်အဖွဲ့ (International Management Group- IMG) မှ အပြည့်အဝ တာဝန်ယူပါသည်။
လုံခြုံရေးကဏ္ဍအားပြုပြင်ပြောင်းလဲရေးနောက်ခံသမိုင်းအကျဉ်းချုပ်အား မြန်မာဘာသာဖြင့် ပြန်လည် ထုတ်ဝေခြင်းကို ဥရောပသမဂ္ဂ၏ အကူအညီဖြင့် ထုတ်ဝေခြင်းဖြစ်သည်။ ဤထုတ်ဝေမှုတွင် ပါဝင်သော အကြောင်းအရာများသည် DCAF တစ်ဦးတည်း၌သာ တာဝန်ရှိပြီး ဥရောပသမဂ္ဂ၏ သဘောထား ထင်မြင်ချက်များအဖြစ် ထင်မြင်ယူဆရန် မလိုအပ်ပါ။

Geneva Centre for the Democratic Control of Armed Forces
(DCAF)
P. O. Box 1360
CH-1211 Geneva 1
Switzerland

လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေးနောက်ခံသမိုင်းအကျဉ်းချုပ်များကို www.ssrbackgrounders.org တွင် အင်တာနက်တွင်ဖြစ်စေ ဖတ်ရှုနိုင်ပါသည် သို့မဟုတ် လက်ကိုင်ဖုန်းများနှင့် တက်ဘလက်များအတွက် SSR Backgrounders app ကို အခမဲ့ကူးယူနိုင်ပါသည်။